ခေါင်းစဉ်၊ **ပွဲတော်မင်္ဂလာ**

ရေးသားသူ၊ ***သိက္ခာတော်ရဆရာဒေါက်တာလထော်ဇော်ဆမ်***

ISBN: 978-1-927468-07-4

© ၂၀၀၉ သိက္ခာတော်ရဆရာ ဒေါက်တာလထော်ဇော်ဆမ်၏ မူပိုင်ဖြစ်သည်။

**L.A.M.B.S** ပုံနှိပ်ထုတ်ဝေရေး၊ မြန်မာ၏ ကြိုတင်၍ သဘောတူညီမှု မရှိဘဲ ဤစာအုပ်၏ မည်သည့်အစိတ်အပိုင်းကိုမဆို အီလက်ထရောနစ်၊ ပုံနှိပ်စက်၊ မိတ္တူကူးခြင်း၊ အသံသွင်းခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေခြင်း၊ ပြန်လည်ထုတ်ယူနိုင်သည့် စနစ်တစ်ခုအတွင်း သိမ်းဆည်းထားခြင်း သို့မဟုတ် ထုတ်လွှင့်ခြင်းကို မည်သည့်ပုံစံ၊ မည်သည့်နည်းလမ်းများဖြင့်မျှ ပြုလုပ်ခြင်း မပြုရန် ကြပ်တည်းစွာ တားမြစ်ပါသည်။ စာအုပ်၏ ရပိုင်ခွင့် အားလုံးကို မူပိုင်ပြုထားပါသည်။

သတိပြုရန်မှာ

အထူးတလည်ဖော်ပြထားခြင်း မရှိလျှင် သမ္မာကျမ်းအညွှန်း အားလုံးသည် ဆရာယုဒသန် အနက်ပြန်သော သမ္မာကျမ်းစာအုပ်မှ ထုတ်နှုတ်ထားခြင်း ဖြစ်ပါသည်။

**ကန့်သတ်ထုတ်ဝေသည်။**

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| နိဒါန်း | | ၅ |
| ၁။ | ဆက်သွယ်မှုပြုရမည့် အချိန် | ၁၃ |
| ၂။ | အပေါင်းအဖော်ပြုရသော အချိန် | ၁၄ |
| ၃။ | အပြစ်ကိုဝန်ခံရမည့် အချိန် | ၁၅ |
| ၄။ | ကိုယ်ကိုအပ်နှံရမည့် အချိန် | ၁၆ |
| ၅။ | ကျွန်ုပ်တို့၏ပဋိညာဉ်တရားကိုအောက်မေ့သတိရရမည့် အချိန် | ၁၆ |
| ၆။ | သင်အံ့ခြင်းနှင့်လေ့ကျင့်သင်ကြားရန် အချိန် | ၁၇ |
| ၇။ | နာခံလိုက်လျှောက်ရန် အချိန် | ၁၈ |
| ၈။ | ပြုအပ်သောဝတ်ကိုပြုရမည့် အချိန် | ၁၈ |
| ၉။ | ကိုးကွယ်ဝတ်ပြုရသော အချိန် | ၁၉ |
| ၁၀။ | ဆုတောင်းရန် အချိန် | ၂၀ |
| ၁၁။ | ညီတူညီမျှဖြစ်ရန် အချိန် | ၂၁ |
| ၁၂။ | သတိပေးခံရမည့် အချိန် | ၂၁ |
| နိဂုံး | | ၂၃ |
| | က။ အသုံးချရန် | ၂၄ |
| | ခ။ စဉ်းစားဆင်ခြင်ရန် | ၂၅ |
| | ဂ။ ဤသင်ခန်းစာနှင့် ဆက်နွယ်သောအခြား ကျမ်းပိုဒ်များ | ၂၅ |
| | ဃ။ ပွဲတော်မင်္ဂလာ၏ အခြေခံပုံစံ | ၂၉ |
| | င။ ပြန်လည်သုံးသပ် ရေးမှတ်ရန် | ၃၀ |

# ဥယျောဇဉ်

## ၁။ ရည်ရွယ်ချက်

ဤစာအုပ်ငယ်ကို ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်မှာ ခရစ်တော်၏ တပည့်တော်များ သူတို့၏ ယုံကြည်ခြင်းတွင် လျှောက်လှမ်းရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ အကယ်၍ ယေရှုခရစ်တော်အတွက် ကြီးပွားရင့်ကျက်လာရန် သူတို့ မျှော်လင့်သည်ဆိုပါက သူတို့သည် ယုံကြည်သူတစ်ဦး သိကျွမ်းနားလည်ရန် လိုအပ်သည့် ဘာသာရပ် အမျိုးမျိုးကို သင်ကြားလေ့လာသူ တန်ဆာပလာများ ဖြစ်လာရမည် ဖြစ်ပါ သည်။ ခရစ်တော်သည် တပည့်တော်များ၏ တာရှည်ခံသော သီးပွင့်မှုများမှ တဆင့် ကြည့်မြင်ရန် လိုလားတော်မူပါသည်။ ကျွန်ုပ်တို့၏ မျှော်လင့် ချက်မှာ ဤလက်ရာများကို သင်ဖတ်ရှုလေ့လာသည်နှင့်အမျှ ဤအရာများ က သင့်ကို ခရစ်တော်ယေရှု၏ ပို၍ ကောင်းသောအစေခံတစ်ဦး ဖြစ်လာ စေရန် ပြုလုပ်ပေးလိမ့်မည်ဟူ၍ ဖြစ်ပါသည်။ ခရစ်တော်က လေ့ကျင့်သင်ကြားနိုင်သော အလုပ်သမားများကို ရှာဖွေနေပါသည်။ သို့မှသာ သူတို့သည် ဘုရားသခင်၏ နိုင်ငံတော်အတွက် ကမ္ဘာလောကကြီးထဲသို့ ထွက်၍ အခြားသူများကို ထိတွေ့နိုင်မည် ဖြစ်ပါသည်။

## ၂။ ဘာသာပြန်ဆိုခြင်းနှင့် အဓိပ္ပါယ်ဖွင့်ဆိုခြင်း

ဤစာအုပ်ထဲတွင် အင်္ဂလိပ်နှင့် မြန်မာဘာသာပြန်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ စာဖတ်သူအနေဖြင့် ကျွန်ုပ်တို့သည် အင်္ဂလိပ်စာကို =လုံးစေ့ပတ်စေ့+ ပြန်ဆိုခြင်း မဟုတ်ဘဲ အတွေးအခေါ်၊ အယူအဆကိုသာ ပြန်ဆိုခြင်းနှင့် အဓိပ္ပါယ်ဖွင့်ဆိုခြင်း ပြုထားသည်ကို နားလည်သဘော ပေါက်ထားရန် အရေးကြီးပါသည်။ ဤစာအုပ်ငယ်ကို ကျမ်းစာအုပ်နှင့် တွဲဖက်အသုံးပြုပြီး ဆုတောင်းခြင်းအားဖြင့်

ဖတ်ရှုသူတစ်ဦးအတွက် ဤ ကမ္ဘာပေါ်တွင် အသက်တာလမ်းတစ်ခုအတွက် သမ္မာတရားများကို ရှာဖွေ တွေ့ရှိပါလိမ့်မည်။

## ၃။ **ကျေးဇူးတင်ရှိခြင်း**

အားလုံးသိကြသည့်အတိုင်း လူတစ်ဦးတစ်ယောက်တည်းဖြင့် အလုပ် မပြီးနိုင်ပါ။ သို့ရာတွင် အတူတကွ လုပ်ဆောင်သော အဖွဲ့တစ်ဖွဲ့လိုပါ သည်။ ထို့ကြောင့် ဘုရားသခင် ဖွဲ့စည်းပေးလိုက်သော အောက်ပါအဖွဲ့ကို ကျွန်ုပ် အထူးကျေးဇူးတင်ရှိပါသည်။

| | | |
|---|---|---|
| ကြည်မောင်အေး | - | ဘာသာပြန် |
| မရန်နော်အောင် | - | စာတည်းနှင့်အချောဖတ်ခြင်း |
| လဟီထုရှန် | - | စာတည်းနှင့်အချောဖတ်ခြင်း |
| ငွမ်လိန်လဝေါမ် | - | ကွန်ပြူတာနှင့်ပုံစံချခြင်း |
| ဘွမ်မြန်ခေါဝင်း | - | စာတည်းမှူး |

ဤစာအုပ်ငယ်များကို အချောဖတ်ပေးခြင်းနှင့် အဖိုးတန်သော အကြံဉာဏ်များ ပေးခြင်းတို့အတွက် အထူးကျေးဇူးတင်လို ပါသည်။ ကျွန်ုပ်တို့အဖွဲ့ အနေဖြင့် ဤစာအုပ်ငယ်လေးများသည် သင်တို့အတွက် အသင့်ဖြစ်စေရန် ကျွန်ုပ်တို့၏ နှလုံးသားများကို ထိတွေ့သကဲ့သို့ သင်တို့၏ နှလုံးသားများကို ထိတွေ့စေရန် ဆုတောင်းမေတ္တာပို့သ လိုက်ပါသည်။ ဘုရားရှင် ဘုန်းကြီးတော်မူပါစေသော။

ခရစ်တော်၏အမှုတော်မြတ်၌

***သိက္ခာတော်ရ ဆရာဒေါက်တာလထော်ဇော်ဆမ်***

# ပွဲတော်မင်္ဂလာ

## နိဒါန်း

ပွဲတော်မင်္ဂလာသည် တပည့်တော်များအား ယေရှုခရစ်တော်နှင့် ရင်းနှီးခင်မင်မှုကို ပို၍ နက်ရှိုင်းလာစေရန် ဆောင်ကြဉ်းပေးပါသည်။ ယင်းသည် ကိုယ်တော်က ကားတိုင်ပေါ်၌ ကျွန်ုပ်တို့အတွက် ပြုတော်မူခဲ့သည်များကို သက်ရှိထင်ရှား ပြသရာရောက်ပြီး တပည့်တော်တိုင်းအတွက် ခရစ်တော်ပြုခဲ့သော ပဋိညာဉ် တရားများနှင့် ကတိတော်များကို ကျွန်ုပ်တို့အား အောက်မေ့သတိရစေရေးနှင့် ပြန်လည် စဉ်းစားဆင်ခြင်စေရေးတို့ကို ဖြစ်ပေါ်စေပါသည်။

ပွဲတော်မင်္ဂလာက ကျွန်ုပ်တို့သည် မိမိ၏ယုံကြည်ချက်အပေါ် မည်ကဲ့သို့ အသက်ရှင်နေထိုင်သည်ဆိုခြင်းနှင့် ခရစ်တော်အား ပေးခဲ့သည့်ဝန်ခံကတိတို့ကို ဆင်ခြင်၍ အတူတကွ မိမိတို့ကို မိမိတို့ ပြန်လှန်သုံးသပ်ရန်လည်း ပြုလုပ်ပေးပါသည်။ အသင်းတော်ဝင်များသည် မိမိတို့ ပြုအပ်သောဝတ်ကိုပြုရန် အချိန်လည်း ဖြစ်ပါသည်။

ကျွန်ုပ်တို့ ရှေ့ဆက်၍ မသွားမီ အဓိကကျသော စကားလုံးအချို့ကို အဓိပ္ပါယ်ဖွင့်ဆိုကြည့်ခြင်းသည် ပွဲတော်မင်္ဂလာနှင့် ပတ်သက်သည့် အကြောင်းအရာ တို့ကို ပိုမိုနက်ရှိုင်းစွာ သိမြင်စေရန် အထောက်အကူပြုပါလိမ့်မည်။

**ပွဲတော်မင်္ဂလာ** - အသင်းတော်တစ်ပါးအတွင်းရှိ အသင်းသားများ၏ ဝေမျှခြင်း၊ ဘုံပိုင်ဆိုင်ခြင်း၊ စုပေါင်းပိုင်ဆိုင်မှု၊ မိတ်သဟာရတို့၏ လုပ်ဆောင်မှုတစ်ရပ် သို့မဟုတ် အခြေအနေတစ်ရပ်ဖြစ်ပါသည်။

(*သံတူကြောင်းကွဲများ* - မိတ်သဟာရ၊ ဆွေမျိုးတော်စပ်မှု၊ မိတ်ဆွေဖြစ်မှု၊ အတူတကွဖြစ်မှု၊ လိုက်လျောညီထွေဖြစ်မှု၊ နားလည်မှု၊ ဆက်စပ်မှု၊ ဆက်သွယ်မှု)

**အောက်မေ့သတိရခြင်း** - အတိတ်တွင် မြင်ခဲ့သော သိခဲ့သော သို့မဟုတ် တွေ့ကြုံခဲ့သော တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခု ကို လူတစ်ယောက်၏ စိတ်ထဲတွင် သိရှိခြင်း သို့မဟုတ် တည်ရှိစေရန် ပြုလုပ်နိုင်ခြင်း။

(*သံတူကြောင်းကွဲစကားလုံးများ* - မှတ်ဉာဏ်၊ စိတ်ထဲတွင်ပေါ်လာခြင်း၊ သတိရခြင်း၊ မှတ်မိခြင်း၊ အတိတ်ကို ပြန်လည်စဉ်းစားခြင်း၊ အတိတ်ကိုပြန်ကြည့်ခြင်း၊ စိတ်ကို အတိတ်သို့မျှောလွင့်ခြင်း၊ စုစည်းခြင်း၊ အောက်မေ့ဘွယ်အထိမ်းအမှတ်ပြုခြင်း၊ ထောမနာပြုခြင်း၊ ဂုဏ်ပြုခြင်း၊ အခမ်းအနားကျင်းပခြင်း၊ အလေးဂရုပြုခြင်း၊ မှတ်သားမိခြင်း၊ အစဉ်သတိရနေခြင်း)

ယင်းစကားလုံးများသည် နောက်တော်လိုက်များအနေဖြင့် နားလည်ရန် အရေးကြီးပြီး ပွဲတော်မင်္ဂလာဝတ်ပြုခြင်းများတွင် အခြေခံကျသော ဥပဒေသများ ဖြစ်ပါသည်။ အခြားသော ယုံကြည်သူများနှင့်အတူ ပွဲတော်ဝင်သည့်အခါ ပွဲတော်မင်္ဂလာ၏ အဓိပ္ပါယ်ကို ပို၍ ခြုံငုံမိလေ ကောင်းကြီးမင်္ဂလာများကို ပို၍ ခံစားရလေ ဖြစ်ပါမည်။

ပွဲတော်မင်္ဂလာသည် ==ချစ်ခြင်းမေတ္တာစားပွဲ++ သို့မဟုတ် အခမ်းအနားအဖြစ် လူသိများပါသည်။ တပည့်တော်များအဖို့ ပွဲတော်မင်္ဂလာသည် ပညတ်တရား၏ ကျိန်ဆိုခြင်းမှ ကိုယ်တော်ကယ်နှုတ်ခြင်းနှင့်၊ အပြစ်နှင့် သေခြင်းမှ ကျွန်ုပ်တို့အား လွတ်မြောက်ခြင်း အခွင့်ပေးခြင်းတို့ကို ကိုယ်စားပြုပါသည်။ ကျွန်ုပ်တို့ သည် ခရစ်တော်၏ သေဆုံးခြင်း တစ်ခုထဲကိုသာ အာရုံပြုနေရန် မဟုတ်ပဲ ရှင်ပြန် ထမြောက်ခြင်းတွင် ခရစ်တော်ရရှိခဲ့သော အောင်မြင်မှုများ၌ ရွှင်လန်းအား ရသင့်ကြ ပါသည်။ ယခုတွင် ခရစ်တော်က **သူ**၏ ကျေးဇူးတော်နှင့် သမ္မာတရားတို့အား ကျွန်ုပ်တို့ကို ပေးပါသည်။ ကိုယ်တော်၏ အသွေးတော် သွန်းလောင်းခြင်းအားဖြင့် ကျွန်ုပ်တို့သည် မျှော်လင့်ခြင်းနှင့်တန်ခိုးတို့ဖြင့် ပြည့်ဝလျက်ရှိကြပါသည်။

# ပွဲတော်မင်္ဂလာ

သခင်ယေရှုသည် **သူ**၏ နောက်ဆုံးသော အချိန်နာရီတွင် တပည့်တော်များ အား ဝေမျှပေးလိုသည်များကို သိရှိရန် ရှင်မဿဲခရစ်ဝင်ကျမ်း၏ ကျမ်းပိုဒ် တစ်ပိုဒ် ကို ကြည့်ကြပါစို့။

## *ရှင်မဿဲ ၂၆း၁၇-၂၀ နှင့် ၂၆-၃၀၊*

*အဇုမပွဲ ပဌမနေ့၌ တပည့်တော်တို့သည် အထံတော်သို့ချဉ်းကပ်၍ ကိုယ်တော်သည် ပသခါပွဲကို စားတော်မူဘို့ရာ အဘယ်အရပ်၌ အကျွန်ုပ်တို့သည် ပြင်ဆင်စေခြင်းငှါ အလိုရှိတော်မူသနည်း ဟု မေး လျှောက်ကြသော် ကိုယ်တော်က မြို့တွင် ဤမည်သောသူ၏ အိမ်သို့ သွားကြ ဆရာမှာလိုက်သည်ကား ငါ့အချိန်နီးပြီ၊ သင့်အိမ်၌ ငါ့တပည့် တို့နှင့်တကွ ပသခါပွဲကို ငါခံမည်ဟု ထိုသူကို ပြောကြလော့ ဟု မိန့် တော်မူ၏။ တပည့်တော်တို့သည် စီရင်တော်မူသည်အတိုင်း ပြု၍ ပသခါပွဲကိုပြင်ဆင်ကြ၏။ ညဦးယံအချိန်ရောက်မှ တပည့်တော် တကျိပ် နှစ်ပါးတို့နှင့်အတူ စားပွဲ၌ လျောင်းတော်မူ၏။ . . . ထို အခါ စားလျက်နေကြစဉ်တွင် ယေရှုသည် မုန့်ကိုယူ၍ ကျေးဇူးတော် ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ ဤမုန့်ကား ငါ၏ ကိုယ်ဖြစ်၏။ ယူ၍ စားကြ လော့ဟု မိန့်တော်မူလျက် တပည့်တော်တို့အား ပေးတော်မူ၏။ ခွက်ကိုလည်းယူ၍ ကျေးဇူးတော်ချီးမွမ်းပြီးမှ သူတို့အား ပေးတော်မူ၍ သင်တို့ရှိသမျှသည် သောက်ကြလော့။ ဤခွက်ကား ပဋိညာဉ် တရား သစ်နှင့်ဆိုင်၍ လူများတို့၏ အပြစ်ကို လွှတ်စေခြင်းငှါ သွန်းသော ငါ၏ အသွေးဖြစ်၏။ ငါဆိုသည်ကား ဤ စပျစ်ရည်မျိုးအသစ်ကို ငါ့ခမည်းတော်၏ နိုင်ငံ၌ သင်တို့နှင့်အတူ ငါမသောက်မှီ နေ့တိုင် အောင် ယခုမှစ၍ တဖန် ငါမသောက်ရဟု မိန့်တော်မူ၏။ ထိုနောက် သီချင်းဆိုကြပြီးမှ သံလွင်တောင်သို့ ထွက်သွားကြ၏။*

# ပွဲတော်မင်္ဂလာ

ရှင်မဿဲက ခရစ်တော်သည် ပသခါပွဲကျင်းပရန် လာခဲ့ကြောင်း ဖော်ပြခဲ့ပါ သည်။ ကိုယ်တော်အကြိမ်ပေါင်းများစွာ လုပ်ခဲ့ပြီးသည့်လုပ်ရပ်ဖြစ်ပါသည်။ အချိန်ကျရောက်ခဲ့ပါပြီ။ အသက်တာပြောင်းလဲလောက်သည့် အတွေ့အကြုံတစ်ခု ဖြစ်ပေါ်လာမည့် အချင်းအရာတစ်ခုအတွက် ပြင်ဆင်မှုများ အဆင်သင့်ဖြစ်ကြောင်း သေချာစေရန် ကိုယ်တော်သည် တပည့်တော်များကို ကြိုတင်စေလွှတ်ခဲ့ပါသည်။ ဤအဖြစ်အပျက်သည် အသင်းတော်၏ သင်္ကေတများထဲမှ တစ်ခုနှင့် အခြေခံ အုတ်မြစ်များ ဖြစ်လာပါသည်။ ယင်းသည် ပထမဦးဆုံးအကြိမ်အဖြစ် ဦးခေါင်း ဖြစ်သော ခရစ်တော်နှင့် ခန္ဓာကိုယ်ဖြစ်သော အသင်းတော်အား ပေါင်းစည်းစေပါ သည်။ ဂျူးလူမျိုးများသည် ပသခါပွဲကို ကျင်းပရာတွင် တင်းကြပ်သော လုပ်ရိုး လုပ်စဉ်များကို လိုက်နာကြပါသည်။ ဓမ္မဟောင်းကျမ်း၏ ဤလက္ခဏာရပ်သည် မကြာမီ ဓမ္မသစ်ကျမ်း၏ အဓိကဖြစ်ရပ်တစ်ရပ် ဖြစ်လာပါသည်။ ပဋိညာဉ်တရား ဟောင်းကို ပြီးပြည့်စုံစေပြီး တပည့်တော်တို့နှင့် အသင်းတော်အတွက် သခင် ခရစ်တော် မွေးဖွားသန့်စင်ပေးလိုက်သည့် ပဋိညာဉ်တရားသစ်တွင် လျှောက်လှမ်း ခြင်းဆိုသည့် အခြေခံအုတ်မြစ်တစ်ရပ်ကို သူတို့သည် တည်ဆောက်ခဲ့ကြပါသည်။

ပသခါပွဲမတိုင်မီ ရက်အနည်းငယ် သို့မဟုတ် နာရီအနည်းငယ်မှာပင် သခင် ယေရှုက တပည့်တော်များကို သတို့သမီး တစ်ကျိတ်ဥပမာ (မဿဲ ၂၅း၁-၁၃)၊ အခွက်ငါးဆယ်၊ တစ်ရာဥပမာ (မဿဲ ၂၅း၁၄-၃၀) တို့၏ ဥပဒေသများနှင့် သိုးနှင့်ဆိတ် (မဿဲ ၂၅း၃၁-၄၆) တို့နှင့် ပတ်သက်သော သင်ကြားမှုများကို သင်ကြားနေခဲ့ပါသည်။ ကိုယ်တော်က သူ့အား သတ်ရန် လူများ ပူးပေါင်းကြံစည်ကြမည်ကို သိနှင့်ပြီးဖြစ်သဖြင့် တပည့်တော်များအား သူတို့အထဲမှ တစ်ယောက်သည် သစ္စာ ဖေါက်၍ သူ့ကို ရန်သူ၏လက်သို့ အပ်နှံမည့်အကြောင်း ပြောပြခဲ့ပါသည်။ အထက်ခန်းမကြီး၌ သူတို့သည် အဲဂုတ္တု လူတို့လက်မှ ဘုရားသခင် ကယ်နှုတ်တော် မူခဲ့သော မောရှေ၏ နေ့ရက်များအား ပြန်ပြောင်း ပြောဆိုခဲ့ကြပါသည်။

# ပွဲတော်မင်္ဂလာ

ပသခါပွဲသည် ယခုတစ်ကြိမ်တွင် တစ်မူထူးခြားလိမ့်မည်ဖြစ်ကြောင်း သခင်ယေရှုသိခဲ့ပါသည်။ ကိုယ်တော်တိုင်အပြစ် ဖြေလွှတ်ရန် သွေးသွန်းရမည့် ပသခါသိုးသငယ်ဖြစ်လာပါသည်။ ရှေ့တွင် ဘာဖြစ်မည်ဆိုခြင်းနှင့် သမ္မာကျမ်းစာတော်မြတ်မှ ကြိုတင်ဖတ်ကြားခဲ့သော နိမိတ်များ ဖြစ်လာလိမ့်မည်ဆိုခြင်းတို့ကို ကိုယ်တော်သိနေခဲ့ပါသည်။ လွန်ခဲ့သော သုံးနှစ်တာကာလအတွင်း သူနှင့်အတူ သွားလာနေထိုင်ခဲ့သော သူ၏ ရင်နှစ်သည်းချာ တပည့်တော်တစ်ဆယ့်နှစ်ပါးထဲမှ တစ်ဦးသည် သူ့အားအနမ်းဖြင့် သစ္စာဖေါက်လိမ့်မည်ဆိုခြင်းကိုလည်း ကိုယ်တော် ရိပ်စားမိခဲ့ပါသည်။ သာမန်အားဖြင့် အနမ်းသည် နက်ရှိုင်းသော ခင်မင်ရင်းနှီးမှုနှင့် ချစ်ခြင်းမေတ္တာကို ဖေါ်ပြသည့် သင်္ကေတတစ်ခုကိုသာ ကိုယ်စားပြုပါသည်။

ယေရှုသည် စကားပြောနေစဉ်အတွင်း တပည့်တော်များအား နိမိတ်ပုံ စကားလုံးများစွာကို ဝေ၄ပြောကြားခဲ့ပါသည်။ ဂျူးလူမျိုးများသည် ဟေဗြဲကျမ်းဂန်များမှ တဆင့်နှင့် သူတို့၏ ရိုးရာစကားများထံမှ ဤပုံပြင်များ၏အဓိပ္ပါယ်ကို နားလည်ကြပါသည်။ နှစ်စဉ် ပသခါပွဲကို ကျင်းပနေစဉ် လက်ဆင့်ကမ်း ပြောကြားလာခဲ့သည့်ပုံပြင်များနှင့် သင်ကြားမှုများကို ပြန်ပြောင်းပြောဆိုခဲ့ကြပါလိမ့်မည်။ သူတို့သည် လွန်ခဲ့သော နှစ်ရာပေါင်းများစွာက သူတို့အတွက် ဘုရားသခင်ပြုခဲ့သော အမှုအား ယေရုရှလင်မြို့တွင် ပွဲခံရန်အတွက် နေရာဌာနအသီးသီးမှ အတူတကွ လာရောက်ခဲ့ကြခြင်းဖြစ်ပါသည်။ ယင်းအချိန်သည် ဂျူးလူမျိုးများအတွက် တစ်နှစ် တာ၏ အလွန်ထူးခြားသော အချိန်အပိုင်းအခြားဖြစ်ပါသည်။

ဤတွင် သတိရရန် အဓိကကျသောအရာ အနည်းဆုံး နှစ်ခုရှိပါသည်။ ပထမတစ်ခုမှာ အိမ်မှပွသောမုန့်များကို ဖယ်ရှားရခြင်း ဖြစ်ပါသည်။ ပွသောမုန့်ဆိုသည်မှာ တဆေး (မုန့်ပွစေရန်) ဖြင့်လုပ်သော မုန့်ဖြစ်ပါသည်။ တဆေးသည် အပြစ်ကို ပုံဆောင်ပြီး တဆေးအနည်းငယ်သည် (အနည်းငယ်သော အပြစ်ကဲ့သို့) မုန့်တစ်ခုလုံးကို ပျက်စီးစေပါသည်။ သူတို့သည် တဆေး မပါသောမုန့်ကိုသာ စားရမည်ဖြစ်ပါသည်။ ထို့ကြောင့် သူတို့၏အိမ်မှ တဆေးကိုပယ်ရှင်းခြင်းသည် သင်္ကေတအားဖြင့် အပြစ်အသက်တာများကို ပယ်ရှင်းခြင်းဖြစ်ပါသည် (ထွက် ၁၂း၁၄)။

သူတို့ပြုလုပ်ရမည့် ဒုတိယတစ်ခုမှာ အပြစ်အနာအဆာကင်း၍ ကျန်းမာသန်စွမ်းသော သိုးငယ်တစ်ကောင်ကို သတ်ရန်ဖြစ်ပြီး ယင်း၏ သွေးကိုယူ၍ သူတို့အိမ်များ၏ တံခါးထုတ်နှင့် တံခါးတိုင်တို့တွင် သုတ် (လိမ်းသုတ်ခြင်း၊ ဆေးချယ်ခြင်း ကို ဆိုလိုသည်) ရမည်ဖြစ်ပါသည် (ထွက် ၁၂း၁-၁၃)။ ဘုရားသခင်သည် မြေပေါ်ရှိ သားဦးမှန်သမျှကို သတ်ရန် သေမင်းတမန်ကို စေလွှတ်ခဲ့ပါသည်။ ဤကျိန်ဆိုခြင်းကို မောရှေနှင့် အာရုန်တို့အားသာ ပြောပြခဲ့ပါသည်။ သို့ရာတွင် တံခါးတိုင်တွင် သုတ်ထားသောသွေးက သေခြင်းကို သူတို့ထံရောက် မလာရန် တားဆီးပေးခဲ့ပါ သည်။ ထိုမျှမက ဤမျှအမှောင်ဖုံးလွှမ်းသော ကာလတွင် သူတို့အား ကြည့်ရှု ကြောင်း၊ စောင်မကြောင်းနှင့် ခေါ်ဆောင်ကြောင်း ဘုရားသခင်အပေါ်တွင် ယုံကြည်မှုရှိခြင်း အထိမ်းအမှတ်လက္ခဏာတစ်ရပ်လည်း ဖြစ်ပါသည်။

သခင်ခရစ်တော်လက်ထက်တွင် ပသခါပွဲသည် အတူတကွ စုဝေးကြပြီး မိသားစုသဖွယ် စားသောက်ကြကာ ဘုရားသခင်သည် သူတို့အပေါ် ကရုဏာတော်ပြရန်နှင့် ရန်သူတို့အပေါ် တန်ခိုးအရှိန်ပြရန် ဆုတောင်းကြသော အခါသမယတစ်ခု သာ ဖြစ်နိုင်ပါသည်။ ပသခါပွဲသည် ဣသရေလလူများအား အဲဂုတ္တုပြည်တွင် နှစ်ပေါင်း (၄၀၀) ကျွန်ခံနေရခြင်းကို စွန့်ခွါရဲသည့် သတ္တိကိုပေး၍ ကတိထားတော် မူသောပြည်သို့ ထွက်မြောက်ရာ ခရီးကို ဦးတည်စေသည့် တံခါးပေါက် ဖြစ်ပါသည် (ထွက် ၁၃း၂၁-၂၂)။

ထို့နောက် သခင်ယေရှုက တပည့်တော်များအား ဤပသခါပွဲအားလပ်ရက် အတွင်း ဖြစ်လာမည့် အခြားအရာတစ်ခုကို ရှင်းပြခဲ့ပါသည်။ ကိုယ်တော်က **သူ**သည် တဆေး မပါသောမုန့်၊ သူတို့အတွက် ချိုးဖဲ့ခြင်းကိုခံမည့် အပြစ်နှင့် ကင်းသောသူ ဖြစ်ကြောင်းဖေါ်ပြခဲ့ပါသည်။ သခင်ယေရှုသာလျှင် သူတို့မှီဝဲရမည့် တစ်ခုတည်း သောမုန့် ဖြစ်ပါသည်။

ဒုတိယအနေဖြင့် ကိုယ်တော်က သူ၏ အသွေးတော်သည် ပသခါသိုးငယ်ကဲ့သို့ သွန်းလောင်းရမည်ဖြစ်ကြောင်းနှင့် သူတို့ အသက်တာ၏ တံခါးထုတ်များ၊

တံခါးတိုင်များတွင် သုတ်ထားရန်လိုအပ်ကြောင်း သူတို့အား ဖေါ်ပြခဲ့ပါသည်။ သေမင်းတမန်လာသောအခါ သူတို့အား ဖျက်ဆီးခြင်းပြုလိမ့်မည် မဟုတ်ပါ။ အဘယ် ကြောင့်ဆိုသော် သူတို့၏ နှလုံးသားများသည် ယေရှုခရစ်တော်၏ အသွေးဖြင့် ကွယ်ကာလျက်ရှိသောကြောင့် ဖြစ်ပါသည်။

သခင်ယေရှုက ရှင်ယောဟန်ခရစ်ဝင်ကျမ်းထဲတွင် ==ငါသည် အသက်မုန့် ဖြစ်၏++ ဟု ဆိုခဲ့ပါသည်။ ဤပေါင်မုန့်အမှတ်အသားသည် ယခုအခါ ကိုယ်တော်အား ယုံကြည်သူတို့အတွက် အမှန်ဖြစ်လာနေပြီ ဖြစ်ပါသည်။ တဲတော်အတွင်းရှိ ==ရှေ့တော်မုန့်++ အကြောင်း ပြန်လည်စဉ်းစားကြည့်ပါက ပသခါပွဲတွင် စားသောမုန့် ကို ပြည့်ွန်နေပါသည်။ ထို့အပြင် သူတို့အား ဘုရားသခင်က ကောင်းကင်မှ ချပေး သော မန္နမုန့်အကြောင်းကို သတိပေးလျက်ရှိပါသည်။ ဣသရေလလူများက မုန့်သည် **သူ**၏ လူမျိုးတော်နှင့်အတူ ဘုရားသခင်ရှိတော်မူကြောင်း ပြသသည့် လက္ခဏာဖြစ် ကြောင်း သိကြပါသည်။ တဲတော်နှင့် ဗိမာန်တော်ထဲတွင် ==ရှေ့တော်စားပွဲ++ ဟု ခေါ်သော စားပွဲတစ်လုံးရှိခဲ့ပါသည် (ထွက် ၂၅း၂၃-၃၀)။

ထိုနည်းတူစွာ ဘုရားသခင်၏ သေတ္တာအဖုံးပေါ်တွင် သွေးကို သွန်းလောင်း ရမည် သို့တည်းမဟုတ် ဖျန်းပက်ရမည်ဆိုခြင်းသည် သခင်ယေရှု၏ အသက်တာမှ ထင်ရှားသော အမှတ်လက္ခဏာ တစ်ရပ်ဖြစ်ပါသည်။ သွေးသည် သူတို့ကို ဘုရား သခင်ထံ လာခွင့်ရစေသည့် အကွယ်အကာတစ်ခုဖြစ်ပြီး သူတို့သည် သခင်ခရစ်တော် ၏ သမ္မာတရားကို ယူတင်ဝတ်ဆင်ထားပြီး သူတို့၏ အပြစ်များသည် ဖြေလွှတ်ပြီးဖြစ် ကြောင်း ဘုရားရှင် သိမြင်စေရန်လည်းဖြစ်ပါသည်။

ထို့အပြင် သွေးသည် ပဋိညာဉ်တရားသစ်၊ သူတို့နှင့် ဘုရားသခင်အကြားရှိ ဝန်ခံကတိနှင့် ကတိကဝတ်များကိုလည်း ကိုယ်စားပြုပါသည်။ ယနေ့ ကျွန်ုပ်တို့ ပွဲတော်ခွက်ကို ယူ၍သောက်ကြသောအခါ သခင်ခရစ်တော်နှင့် ကျွန်ုပ်တို့အကြား ပြုလုပ်ခဲ့သော သဘောတူညီမှုများကို

အောက်မေ့ သတိရစေပါသည်။ ကိုယ်တော် သည် ကျွန်ုပ်တို့၏ သခင်နှင့် ကယ်တင်ရှင်ဖြစ်လာပြီး ကျွန်ုပ်တို့သည်လည်း ကိုယ်တော်ကပေးသမျှတို့ကို စောင့်ရှောက်ရသည့် ဘဏ္ဍာစိုးများ ဖြစ်လာပါသည်။ ကျွန်ုပ်တို့သည် သူ၏သား၊ သမီးများ၊ ကောင်းကင်နိုင်ငံတော်၏ ပူးတွဲအမွေခံများ ဖြစ်လာပါသည်။ ခရစ်တော်ထံသို့ လာသမျှသော လူအားလုံး၏ အပြစ်များကို ဖြေလွှတ်ရန် ကိုယ်တော်သည် သွေးများစွာကို သွန်းလောင်းခဲ့ပါသည်။ ကျွန်ုပ်တို့၏ သိုးထိန်းသည် **သူ**၏သိုးများအတွက် မိမိ၏ အသက်ကိုစွန့်လွှတ်ခဲ့ပါသည် (ဆာလံ ၂၃း၁၊ ယော ၁၀း၁၁)။

ထိုနောက် သခင်ယေရှုက ကျွန်ုပ်တို့နှင့် ကောင်းကင်ဘုံတွင် နောက်တစ်ဖန် မဆုံမီတိုင်အောင် မစား၊ ခွက်ကို မသောက်ပဲနေမည်ဟု တပည့်တော်တို့အား ပြောပြခဲ့ပါသည်။ ဤဖြစ်ရပ်က သိုးသငယ်၏ မင်္ဂလာပွဲကို ညွှန်ပြနေပါသည်။ အသင်းတော်သည် ဘုရားသခင်၏ ဖိတ်ကြားခြင်းကို ခံရသောအခါ ကျွန်ုပ်တို့သည် ထာဝရကာလပတ်လုံး ခရစ်တော်နှင့် အတူတကွ စုဝေးရပါလိမ့်မည် (ဗျာ ၁၉း၉)။ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို မျက်နှာချင်းဆိုင်ဖူးတွေ့ရမည်ဖြစ်ပြီး သူ၏ ရှေ့တော် မှောက်တွင် နေရပါလိမ့်မည်။ မယုံနိုင်စရာပင်၊ သခင်ယေရှုသည် ကားတိုင်သို့ သွားရာလမ်းတွင် ကျွန်ုပ်တို့နှင့် ပြန်လည်ဆုံတွေ့ရမည့်အရေးကို စဉ်းစားနေခဲ့ပြီး ထိုနေ့ရက်ကို ကြိုတင်ပြောပြခဲ့ပါသည်။

ဤတစ်ကြိမ် ပွဲတော်မင်္ဂလာကို သီချင်းတစ်ပုဒ်ဖြင့် အဆုံးသတ်ခဲ့ပြီး သံလွင် တောင်သို့ ထွက်ခွါသွားခဲ့ကြပါသည်။ ယေရုရှလင်မြို့တော်ကို အပေါ်စီးမှ မြင်နေရ သော အခြားတစ်ဖက်သို့ တောင်ကြားတစ်ခုကို ဖြတ်၍ သွားခဲ့ကြပါသည်။ ဤနေရာ သည် သခင်ယေရှု၏ ဆုတောင်းရာတောင်ဖြစ်ပါသည်။ ထိုနေရာသည် သူ၏ ခမည်းတော်နှင့် အကြိမ်ပေါင်းများစွာ စကားပြောခဲ့သောနေရာ ဖြစ်ပါသည်။ ထိုနေရာသို့ သူသည် သူ့အား စွပ်စွဲကြသူများ လာ၍ ပသခါသိုးသငယ်ကဲ့သို့ ဖမ်းဆီး ခေါ်ဆောင်သွားခြင်းကို ခံရန်အတွက် သွားရောက်စောင့်စားခဲ့ခြင်း ဖြစ်ပါသည်။

# ပွဲတော်မင်္ဂလာ

ယနေ့ ကိုယ်တော်၏ နောက်တော်လိုက်များအနေဖြင့် ပွဲတော်မင်္ဂလာသည် ကျွန်ုပ်တို့၏ အသက်တာများအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်သည်ကို ယခုပင် ကြည့်ကြပါစို့။ ပွဲတော်မင်္ဂလာကို ကဏ္ဍများစွာခွဲ၍လေ့လာနိုင်ပါသည်။ အဘယ် ကြောင့် ကျွန်ုပ်တို့သည် အတူတကွလာရောက်၍ ပွဲတော်မင်္ဂလာအတွက် ဆုံတွေ့ရ သည်ကို တပည့်တော်များ ပိုမိုသဘောပေါက် နားလည်စေရန် သော့ချက် အခြေခံ အကြောင်းတရား (၁၂) ချက်ကို လေ့လာကြည့်ကြပါစို့။ အခြေခံအကြောင်း တရားတိုင်း၏ ရှေ့တွင် ==အချိန်++ ဟူသော စကားလုံးကို သုံးထားပါသည်။ ပွဲတော် မင်္ဂလာယူနေစဉ်တွင် ဘုရားသခင်အထံတော်သို့ ကျွန်ုပ်တို့ တိုးဝင်ရန် အချိန်ယူရပါ သည်။ ဘုရားသခင်၏ အသံတော်ကို ကြားဖို့ လူတစ်ယောက်၏ နှလုံးသားကို ပြင်ဆင်ရန် အချိန်ယူရပါသည်။ နောက်တွင် လိုက်ပါလာမည်ဖြစ်သော ပေးဆပ်ခြင်း နှင့် ရယူခြင်းတို့အတွက် လူတစ်ယောက်၏ အသက်တာကို ပြင်ဆင်ရန် အချိန်ယူ ရပါသည်။

## ဆက်သွယ်မှုပြုရမည့် အချိန်

ပွဲတော်မင်္ဂလာအချိန်သည် ဘုရားသခင်နှင့် စကားပြောရမည့်အချိန်၊ ဘုရားရှင်အား ကျွန်ုပ်တို့နှင့် စကားပြောစေရမည့် အချိန် ဖြစ်ပါသည်။ ယင်းသည် အခြားသော ယုံကြည်သူများနှင့် ကျွန်ုပ်တို့၏ နှလုံးသားကို ဝေမျှရမည့်အချိန်လည်း ဖြစ်ပါသည်။ ဤသို့ပြုလုပ်နေစဉ် မည်ကဲ့သို့ ဆုတောင်းရမည်ဆိုခြင်းနှင့် တစ်ယောက် ကိုတစ်ယောက် မည်သို့ မစရမည်ဆိုခြင်းတို့ကို သင်အံ့ရလိမ့်မည် ဖြစ်ပါသည်။ ဆက်ဆံရေးဆိုသည်မှာ ကြိုးပမ်းလုပ်ဆောင်ရမည့် အရာတစ်ခုဖြစ်ပါသည်။ တုန့်ပြန် မှုကို အခြားသူများထံမှ အစဉ်ရနိုင်သည် မဟုတ်ပါ။ ကျွန်ုပ်တို့က စတင် ချဉ်းကပ် ဆက်သွယ်ရမည် ဖြစ်ပါသည်။

ပွဲတော်မင်္ဂလာကို တစ်ယောက်နှင့် တစ်ယောက် တည့်တည့်မတ်မတ် ဖြစ်စေမည့် အခါသမယတစ်ခုအဖြစ်လည်း အသုံးချနိုင်ပါသည်။ တစ်ခါတစ်ရံတွင် တစ်စုံတစ်ယောက်သောသူက သင့်အား မကျေမနပ်ဖြစ်နေသည်ကို သင် မသိနိုင်

ပါ။ အကယ်၍ သင့်ကိုသင် မေတ္တာနှင့် နှိမ့်ချပြီး သူတို့နှင့်စကားသွားပြောမှသာလျှင် သိနိုင်ပါမည်။ ရှင်ယာကုပ်က ကျွန်ုပ်တို့အား စကားပြောသောအရာတွင်နှေးစေ၊ နားကြားရာတွင်လျင်မြန်စေဟု ဆုံးမခဲ့ပါသည် (ယာ ၁း၁၉)။ ကိုယ်တော်က တပည့်တော်များအား အကြောင်းအရာတစ်ခုအကြောင်းကို အဖြေတစ်ခု သို့မဟုတ် ဖြေရှင်းချက်တစ်ရပ်ဖြင့် ပြန်လည် ဖြေကြားခြင်း မပြုမီ သူတို့ ဘာကြားခဲ့သည်ကို သေချာနားလည်သဘောပေါက်စေရန် လိုလားပါသည်။ ကျွန်ုပ်တို့၏ ပေါင်းသင်း ဆက်ဆံပုံ နည်းလမ်းသည် အခြားလူများအား ပျက်စီးစေလိမ့်မည် သို့မဟုတ် ယုံကြည်ခြင်းတွင် တည်ဆောက်စရာ ဖြစ်စေပါလိမ့်မည်။ လူများသည် စကားပြောရာတွင် လိမ္မာပါးနပ်မှု မရှိသောကြောင့် ယနေ့အသင်းတော်များသည် ထိခိုက်နစ်နာလျက် ရှိနေပါသည်။ ကျွန်ုပ်တို့၏ ပြောဆိုမှုများသည် ကြိမ်ဖန်များစွာ အတင်းအဖျင်း ပုံစံ သက်ရောက်နေပါသည်။ ယင်းကို ကျမ်းစာတော်မြတ်က အပြစ်ဟု ခေါ်ဆိုပါ သည် (၂တိ ၂း၁၆)။

## အပေါင်းအဖော်ပြုရသော အချိန်

ရင်းနှီးခင်မင်ခြင်းနှင့် ပေါင်းဖော်ခြင်းတို့သည် ပွဲတော်မင်္ဂလာဝင်နေစဉ် အချိန်အတွင်း တိုး၍ ခိုင်မြဲလာနေပါသည်။ ဤမိတ်သဟာရသည် တစ်ယောက်နှင့် တစ်ယောက်အကြားနှင့် ဘုရားသခင်နှင့် လူတို့အကြား ခိုင်မြဲသောဆက်ဆံမှုကို ပျိုးထောင်ပေးပါသည်။

မိတ်သဟာရကို ရင်းနှီးခင်မင်သောပေါင်းသင်းမှု အထူးသဖြင့် စိတ်သဘော ထားတူညီသော လူများနှင့် ပေါင်းသင်းမှုအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ ပွဲတော် မင်္ဂလာသည် တူညီသောသဘောထား သို့မဟုတ် ရည်မှန်းချက်တို့ရရှိရန် လူတစ်စု စုဝေးပွဲဖြစ်ပါသည်။ (*သံတူကြောင်းကွဲစကားလုံးများ* - ဖော်ရွေမှု၊ ခင်မင်မှု၊ အပြန် အလှန်ထောက်ပံ့မှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ဆက်စပ်မှု၊ ကြင်နာမှု၊ လိုက်လဲပျူငှာမှု၊ ရင်းနှီးမှု၊ ပေါင်းသင်းမှု၊ နီးစပ်မှု၊ အတူတကွရှိမှု၊ သွေးစည်းမှု)

အတူတကွ လာရောက်တွေ့ဆုံခြင်းသည် ခရစ်တော်၏ မိသားစုကို ပိုမို စည်းလုံးစေပါသည်။ ကျွန်ုပ်တို့သည် တစ်ယောက်နှင့် တစ်ယောက် ကျွန်ုပ်တို့၏ နှလုံးသားများကို သက်သေခံဝေငှနိုင်ကြပါသည်။

**သက်သေခံခြင်းဆိုသည်မှာ ရေးသားထားသော သို့မဟုတ် ထုတ်ဖော်ပြော ဆိုသော ဖော်ပြချက်တစ်ရပ် ဖြစ်ပါသည်။**

(*သံတူကြောင်းကွဲစကားလုံးများ* - ကြေညာစာတမ်း၊ အခိုင်အမာပြော ဆိုခြင်း၊ အတည်ပြုခြင်း၊ ဝန်ခံခြင်း၊ ယိုးစွတ်ခြင်း၊ တင်သွင်းခြင်း၊ တောင်းဆိုခြင်း)

ပွဲတော်မင်္ဂလာအချိန်သည် တစ်ဦးကိုတစ်ဦး ခရစ်တော်၌ ညီအစ်ကို မောင်နှမများအဖြစ် သိကျွမ်းရမည့်အချိန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် တစ်ယောက် နှင့်တစ်ယောက် ပေါင်းသင်းဆက်ဆံမှုကို တည်ဆောက်ရန် လိုအပ်ပြီး ယင်းပေါင်း သင်းဆက်ဆံမှုများအားဖြင့် ကျွန်ုပ်တို့သည် ဘုရားရှင်ထံတော်တွင် ပိုမိုခိုင်မြဲ ရှင်သန် လာကြမည်ဖြစ်ပါသည်။ ထိုနည်းတူ သမ္မာကျမ်းစာတော်မြတ်က ကျွန်ုပ်တို့သည် နှစ်ဦး သို့မဟုတ် သုံးဦး ပူးပေါင်းလုပ်ဆောင်ပါက ဝန်ထုပ်သည် ပေါ့ပါးသွားကြောင်း ဖော်ပြပါသည် (ယော ၁၅း၁၃-၁၅)။

## အပြစ်ကိုဝန်ခံရမည့် အချိန်

ဝန်ချခြင်းသည် ဘဝအတွက် ရှန်းကန်ရမှုများနှင့် အပြစ်တို့ကို ဆက်သွယ် ပေးသောအချိန် ဖြစ်ပါသည်။ ဖြစ်နိုင်သည့် အခါတိုင်း အခြားသူများအား အပြစ်ကို ဝန်ခံပါ။ သို့ရာတွင် ဘုရားသခင်ထံ အပြစ်ကို ဝန်ချခြင်းသည် မဖြစ်မနေ လုပ် ဆောင်ရမည့် လုပ်ရပ်ဖြစ်ပါသည်။ ဝန်ခံခြင်းသည် ကျွန်ုပ်တို့အား ==ကောင်းကင် အိမ်တော်++ ၌ စနစ်တကျရှိစေမည့် နေရာသို့ ပို့ဆောင်ပေးပါသည်။ ရှင်ပေါလုက ကျွန်ုပ်တို့အပြစ်တရားကို ကိုင်တွယ်ပုံသည် ကျွန်ုပ်တို့၏ ကျန်းမာရေးနှင့် ခရစ်တော်နှင့် လျှောက်လှမ်းသော အသက်တာတို့အပေါ်တွင် တိုက်ရိုက်သက် ရောက်မှုတစ်ရပ် ရှိလိမ့်မည်ဟု ပြောခဲ့ပါသည်။ တစ်ဖန် ရှင်ပေါလုက ကျွန်ုပ်တို့သည် ပွဲတော်မင်္ဂလာမဝင်မီ

ဘုရားသခင်အထံတော်သို့သော်လည်းကောင်း အခြားသူများ ထံသို့သော်လည်းကောင်း သွားရောက်၍ အမှားများကို ဝန်ချရန် လိုအပ်ကြောင်း ကျွန်ုပ်တို့အား ပြောခဲ့ပါသည်။ ဤအချိန်သည် အပြစ်သင်ပုန်းကို သန့်စင်ရန်၊ ဆေးကြောပစ်ရန်နှင့် အသစ်တဖန် ပြန်စရန်အချိန်ဖြစ်ပါသည် (ဆာ ၃၂း၅)။

## ကိုယ်ကိုအပ်နှံရမည့် အချိန်

ပွဲတော်မင်္ဂလာအချိန်သည် ခရစ်တော်နှင့် ပြုခဲ့သော အပ်နှံခြင်းကို ပြန်လည်ဆန်းစစ်ရမည့်အချိန် ဖြစ်ပါသည်။ သခင်ယေရှုကို ကျွန်ုပ်တို့၏ သခင်၊ ကယ်တင်ရှင်အဖြစ် ကျွန်ုပ်တို့က ဖိတ်ခေါ်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်စေခိုင်းသည့်အတိုင်း၊ လုပ်ဆောင်ရန်ညွှန်ပြသည့်အတိုင်း ဤအပ်နှံမှုကို ရှင်သန်စေခဲ့ ပါသလား။ ကျွန်ုပ်တို့သည် ခရစ်တော်ထံအနှိုးပေး၊ အညံ့ခံလိုက်သည့်အခါ ကျွန်ုပ်တို့ အသက်တာအတွက် ကိုယ်တော်၏ သွန်သင်ချက်နှင့် အလိုဆန္ဒများထံ မိမိကိုယ်ကို အပ်နှံလိုက်ရာရောက်ပါသည်။ ရှင်ပေါလုက ဂလာတိဩဝါဒစာတွင် ==ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏++ ဟုဖော်ပြခဲ့ပါသည်။ ကျွန်ုပ် တို့သည် ==ကျွန်ုပ်၏ အလိုအတိုင်း မဖြစ်စေပဲ၊ ကိုယ်တော်၏အလိုအတိုင်း ဖြစ်စေပါ++ ဟု ဆိုလေ့ရှိပါသည်။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့၏ အသက်တာ နယ်ပယ် အားလုံး၌ အရှင်သခင်နှင့် ကယ်တင်ရှင်ဖြစ်ရန် ကျွန်ုပ်တို့ ဝန်ခံအပ်နှံခဲ့ကြပါသည်။ ထိုနည်းတူ ဧဝံဂေလိတရားတော်၏ ကောင်းသောပုံသက်သေနှင့် ဘဏ္ဍာစိုးများ ဖြစ်ရန်လည်း ဝန်ခံအပ်နှံခဲ့ကြပါသည် (ဆာလံ ၃၇း၅၊ သုတ္တံ ၁၆း၃)။

## ကျွန်ုပ်တို့၏ ပဋိညာဉ်တရားကိုအောက်မေ့သတိရ ရမည့် အချိန်

ပွဲတော်မင်္ဂလာသည် ကျွန်ုပ်တို့လိုက်လျှောက်ရန် ဝန်ခံကတိပြုခဲ့သည့် ပဋိညာဉ်တရားများကို ပြန်လည်ဆင်ခြင်စဉ်းစားရမည့်အချိန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ကတိဝန်ခံချက်များ ပြုလုပ်ခဲ့ကြပြီး ယင်းတို့ကို သခင်ယေရှု၏ အသွေးတော်ဖြင့် လက်မှတ်ရေးထိုး တံဆိပ်ခတ်ခဲ့ကြပြီးဖြစ်ပါသည်။

ဤပဋိညာဉ်သည် နှစ်လမ်းသွားဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ချည်နှောင်ခြင်းကို ခံထားသကဲ့သို့ ဘုရားသခင်ကလည်း မိမိကိုယ်ကို ကျွန်ုပ်တို့ အတွက် ချည်နှောင်ထားပါသည်။ သမ္မာကျမ်းစာတော်မြတ်သည် ဘုရားသခင်နှင့် သူ၏ လူမျိုးတော်အကြား ပြုလုပ်ခဲ့သော ပဋိညာဉ်တရားများဖြင့် ပြည့်နေပါသည်။ ဥပမာ၊ သက်တံ့သည် ကမ္ဘာမြေကြီးအား ရေလွှမ်းမိုးခြင်းဖြင့် နောက်တစ်ဖန် မည်သည့်အခါမျှ မဖျက်ဆီးဟူသော ဘုရားသခင်၏ ကတိတော်ကို ကျွန်ုပ်တို့အား အမှတ်ရစေပါသည်။

ယုံကြည်သူများအတွက် ပဓာနကျသော ပဋိညာဉ်တစ်ရပ်ကိုခရစ်တော်၏ အသွေးတော်အားဖြင့် ကတိတော်ထားခဲ့ပါသည်။ ထာဝရအသက်ကို ရရှိပြီး ကောင်းကင်နိုင်ငံတော်တွင် ကိုယ်တော်နှင့် စိုးစံရမည်ဟူသော ပဋိညာဉ်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ပြစ်မှားခြင်းနှင့် အပြစ်တို့တွင် သေဆုံးလျက် ရှိနေခဲ့ကြပါသည်။ ယခုတွင် ထာဝရအသက်ရှင်မှုကို ရွေးချယ်ပိုင်ခွင့် ရှိကြပါပြီ။ ခွက်ကို ယူ၍ သောက် သည့် အခါခါတိုင်း ကျွန်ုပ်တို့နှင့် ဘုရားသခင်တို့အကြား ထားခဲ့သော ပဋိညာဉ်ကို အောက်မေ့သတိရကြပါသည် (ဟေဗြဲ ၉း၁၅)။

## သင်အံ့ခြင်းနှင့် လေ့ကျင့်သင်ကြားရန် အချိန်

ကျွန်ုပ်တို့သည် ယခုအခါ ကျေးဇူးတော်တရားအောက်တွင်ရှိပါသည်။ ခရစ်တော်သည် ဥပဒေသများ အားလုံးကို ဥပဒေသနှစ်ရပ်အဖြစ် မွေ့နှောက် ပစ်ခဲ့ပါသည်။ ဘုရားသခင်ကို စိတ်နှလုံး အကြွင်းမဲ့ ချစ်ရန်နှင့် ကိုယ်နှင့်စပ်ဆိုင်သူ ကို ကိုယ်နှင့်အမျှ ချစ်ရန်ဖြစ်ပါသည် (မာ ၁၂း၃၁)။ ကျွန်ုပ်တို့သည် ယေရှု ခရစ်တော်၏ ပြည့်ဝစုံလင်သော ဧဝံဂေလိတရားဖြင့် လွှမ်းခြုံခြင်းကိုလည်း ခံနေရ ပါသည်။ ကိုယ်တော်က တပည့်တော်များအား ပွဲတော်မင်္ဂလာသည် ==ငါတို့အကြား တွင် ယခုပြုသော သဘောတူညီချက်တစ်ရပ်++ ဟု အမှတ်ရစေပါသည်။ ဤပဋိညာဉ် အား လူနှင့်ဘုရားအကြား အာမခံသူအဖြစ် သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်ခဲ့ပြီး **သူ**သည် ကျွန်ုပ်တို့အား သွန်သင်မှုပြုခြင်းနှင့် နှစ်သိမ့်ခြင်းကို ပေးပါ လိမ့်မည် (ယော ၁၄း၂၆)။

# ပွဲတော်မင်္ဂလာ

ပွဲတော်မင်္ဂလာသည် မိသားစုပွဲတစ်ခုဖြစ်ပြီး ကလေးနှင့် လူငယ်များ ပွဲတော်မင်္ဂလာကို တွေ့ကြုံခံစားနိုင်ကာ ပွဲတော်မင်္ဂလာ၏ ရည်ရွယ်ချက်တို့ကို မေးမြန်းနိုင်ပါသည်။ ဓမ္မဟောင်းကာလတွင် သူတို့သည် ကျောက်တုံးများကို ပုံ၍ ဘုရားရှင်ပြုတော်မူခဲ့ခြင်းများကို အမှတ်တရ အထိမ်းအမှတ်တစ်ခုအဖြစ် ပြုလုပ် ကောင်းပြုလုပ်ကြပါလိမ့်မည်။ ဤအမှတ်တရများဖြင့် အခြားသူများအား ဘုရားသခင်အကြောင်း သွန်သင်ကြပါလိမ့်မည်။ ပွဲတော်မင်္ဂလာအချိန်သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် ကရုဏာတော်အကြောင်း ဝေမျှရန်အတွက် ကျွန်ုပ်တို့ သတိရ အောက်မေ့ သွန်သင်ရမည့်အချိန် ဖြစ်ပါသည် (ယောရှု ၄း၅-၆)။

## နာခံလိုက်လျှောက်ရန်အချိန်

ကျွန်ုပ်တို့အား သမ္မာကျမ်းစာတော်မြတ်က ခရစ်တော်သည် သူ၏ အသင်းတော်ကို လက်ခံရန် နောက်တဖန် ကြွလာသည့် အချိန်အထိ ပွဲတော်မင်္ဂလာ မကြာခဏဝင်ရန် ပြောပါသည်။ ပွဲတော်မင်္ဂလာ ဝတ်ပြုစည်းဝေးများသည် လူတို့၏ ယဉ်ကျေးမှု၊ မျိုးနွယ်စု သို့မဟုတ် လူမျိုးစသည်တို့ကို အလေးမထားပဲ လူအားလုံးကို သာတူညီမျှဖြစ်စေပါသည်။ ဤအချိန်သည် ဆင်းရဲ၊ ချမ်းသာမရွေး၊ ချို့တဲ့သူများ အားလုံး ခရစ်တော်၏ ဦးဆောင်မှုအောက်တွင် လာရောက်တွေ့ဆုံနိုင်သော အချိန် ဖြစ်ပါသည်။ ခရစ်တော်၌ ကျွန်ုပ်တို့သည် မိသားစုတစ်စုထဲ၏ အားလုံးသော အစိတ် အပိုင်း၊ ညီအစ်ကို မောင်နှမများဖြစ်ကြပါသည်။ ဤတွေ့ဆုံပွဲကို ယုံကြည်သူများ၏ အဖွဲ့အဖြစ် တွေ့ဆုံခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ မမေ့သင့်ပါ။ သခင်ခရစ်တော်က နာခံခြင်း ဥပမာကို ပုံဖော်ပြသခဲ့ပြီး ယခု ကျွန်ုပ်တို့က ယင်းဥပမာကို လိုက်လျှောက် ကြရန် ဖြစ်ပါသည် (၁ပေ ၁း၂)။

## ပြုအပ်သောဝတ်ကိုပြုရမည့် အချိန်

ပွဲတော်မင်္ဂလာသည် အသင်းတော်ဝင်များအား ဘုရားရှင်က တစ်ဦးချင်းကို ပေးထားသည့် စွမ်းရည်ထူးများနှင့် အရည်အချင်းတို့ကို အသုံးပြု၍

တစ်ဦးကို တစ်ဦး ဝတ်ကိုပြုရခြင်းအခွင့်ကို ပေးပါသည်။ ကျွန်ုပ်တို့သည် အခြားသူများ၏ အသက် တာကို အားပေးခြင်းနှင့် အကြံပေးခြင်းများ ပြုလုပ်နိုင်ပါသည်။ ထိုနည်းတူ လိုအပ် နေသောသူများအား ကူညီမစနိုင်မည့်နည်းလမ်းများကို ကြံဆ နိုင်ပါသည်။ ဤအချိန် သည် ဆင်းရဲသားများအတွက် ချစ်ခြင်းအလှူတစ်ရပ်ကို ယူဆောင်ရန်နှင့် လိုအပ်သူ များအတွက် ပြုအပ်သောဝတ်ကိုပြုရန် အချိန်ကောင်းဖြစ်ပါသည်။ ထိုနည်းတူ ကျွန်ုပ်တို့သည် စုပေါင်းဝတ်ပြု၍ အတူတကွ ဘုရားရှင်ထံ ဆုတောင်းနိုင်ကြပါသည်။ ကျွန်ုပ်တို့သည် တစ်ဦးကို တစ်ဦး မစနိုင်ပြီး အခြားသူများကို ဦးစားပေးနိုင်ကြ ပါသည် (၂ကော ၅း၁၈-၂၁)။

## ကိုးကွယ်ဝတ်ပြုရသော အချိန်

အတူတကွတွေ့ဆုံကြသည့်အခါတွင် ကျွန်ုပ်တို့ အရှင်သခင်ခရစ်တော်အား ဝတ်ပြုကိုးကွယ်ဖို့ အချိန်ယူရန် လိုအပ်ပါသည်။ သီချင်းများ၊ ဓမ္မသီချင်းများဖြင့် ကျေးဇူးတော် ချီးမွမ်းရန်ဖြစ်ပြီး ကျွန်ုပ်တို့၏ နှလုံးသားကို ချီးမွမ်းခြင်းနှင့် ဝမ်းမြောက်စေလျက် ကိုယ်တော်ပြုခဲ့သော အမှုတော်များကို ကျေးဇူးတော် ချီးမွမ်း ကြရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ မည်သည့်အခါကမျှ မလုပ်ဆောင်နိုင်ခဲ့သည့်အရာကို သခင်ယေရှုက လုပ်ဆောင်ပေးခဲ့ပါသည်။ မျှော်လင့်ခြင်း ကင်းမဲ့နေသူများကို ကိုယ်တော်က မျှော်လင့်ခြင်း ပြန်ပေးခဲ့ပါသည်။ ကိုယ်တော်ကို ကျွန်ုပ်တို့၏ အာရုံ စူးစိုက်ရာ၏ ဗဟိုချက်မဖြစ်စေပြီး ဝတ်ပြုကိုးကွယ်ရမည်ဖြစ်ကာ သူ၏ ချစ်ခြင်း မေတ္တာနှင့် ကောင်းမြတ်ခြင်းများကို ချီးမွမ်းကြရမည်ဖြစ်ပါသည်။ အဆုံးစွန် အနေ ဖြင့် ကိုယ်တော်၏ ကြွလာတော်မူခြင်းနှင့် သေခြင်း၏ အချုပ်အနှောင်မှ လွတ် မြောက်ရေးလမ်းစဉ်ကို ဖော်ဆောင်ပေးခဲ့ခြင်းအတွက် ကိုယ်တော်ကို ကျေးဇူးတော် ချီးမွမ်းရပါမည်။ ကိုယ်တော်က ကျွန်ုပ်တို့အတွက် ဘာလုပ်ပေးခဲ့သည်ကို သိမြင် လာသည့်အခါ ကျွန်ုပ်တို့၏ နှလုံးသားများသည် ကျေးဇူးတော်ကို ချီးမွမ်းလိုသည့်ဆန္ဒ ပြင်းပြလာပါလိမ့်မည် (ဆာလံ ၉၅း၆၊ ဟေဗြဲ ၁၀း၁)။

## ဆုတောင်းရန် အချိန်

ပွဲတော်မင်္ဂလာသည် အတူတကွလာ၍ ဆုတောင်းကြရမည့်အချိန် ဖြစ်ပါသည်။ စုပေါင်း၍ဖြစ်စေ၊ တစ်ဦးခြင်းဖြစ်စေ ဆုတောင်းကြရန်ဖြစ်ပါသည်။ အကယ်၍ နှစ်ဦးထက်ပို၍ စိတ်သဘောညီညွတ်ကြသောအခါ ဘုရားရှင်သည် ကျွန်ုပ်တို့ကို နားညောင်းတော်မူမည်ဟု ပြောခဲ့ပါသည်။ ဘုရားရှင်၏ လမ်းညွှန်မှုအတွက် ဆုတောင်းကြရန်ဖြစ်ပြီး ကွန်ုပ်တို့၏ ကိုယ်ပိုင်အသက်တာတစ်ခုတည်းအတွက်သာ ဆုတောင်းရန် မဟုတ်ပဲ ကျွန်ုပ်တို့ အစိတ်အပိုင်းအဖြစ် ပါဝင်နေသော အသင်းတော်အတွက်ပါ ဆုတောင်းရန်ဖြစ်ပါသည်။ ဘုရားရှင်သည် ကျွန်ုပ်တို့၏ ဆုတောင်း သံကို နားညောင်းလိုပါသည်။ ကျွန်ုပ်တို့အား လမ်းညွှန်ပေးပါသည်။ ကျွန်ုပ်တို့အား ဉာဏ်ပညာကိုပေးပြီး ကျွန်ုပ်တို့ ရင်ဆိုင်နေရသော ရုန်းကန်မှုများကို နားထောင်ပေး ပါသည်။ သခင်ယေရှုသည် ဆုတောင်းခြင်းနှင့် အစာရှောင်ခြင်းတို့ကို ကျွန်ုပ်တို့ အတွက် နမူနာတစ်ရပ်အဖြစ် ပုံဆောင်ပြခဲ့ပါသည်။ ကိုယ်တော်ကို အမှီပြု၍ ဆုတောင်းခြင်းသည် ဘုရားရှင်နှင့်၊ ထိုနည်းတူ အခြားသူများနှင့် ပိုမိုနက်ရှိုင်းသော မိတ်သဟာရကို ဆောင်ကြဉ်းပေးကြောင်း ကျွန်ုပ်တို့ သိမြင်နိုင်ပါသည်။ ပို၍ ဆုတောင်းလေ ဉာဏ်ပညာနှင့် နားလည်မှုကို ပို၍ ရလေဖြစ်ပါသည်။ ကျွန်ုပ်တို့ ဘဝခရီးကို ဖြတ်သန်းသွားစဉ် ယင်းတို့က အထောက်အမ ပေးပါသည်။ ကျွန်ုပ်တို့ သည် ဆုတောင်းခြင်းဖြင့် ကိုယ်ကိုနှိမ့်ချပါက ကိုယ်တော်သည် ကျွန်ုပ်တို့ကို ချီးမြှောက်ပါလိမ့်မည်။ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏ ဝိညာဉ်မျက်စိကို ပွင့်စေပါသည်။ သခင်ယေရှုသည် ပွဲတော်ညစာ စားနေစဉ် အနည်းဆုံး သုံးကြိမ်မျှ တပည့်တော်များနှင့်အတူ ဆုတောင်းခဲ့ပါသည်။ မုန့်ပေါ်တွင် တစ်ကြိမ်နှင့် ခွက်ပေါ်တွင် တစ်ကြိမ် ဆုတောင်းခဲ့ပါသည်။ အဘယ်ကြောင့်နည်း။ အကြောင်းပြချက် အနည်းဆုံး နှစ်ချက်ရှိပါသည်။ ပထမအချက်မှာ ဘုရားသခင်ကောင်းကြီးပေးရန်အတွက် အထိမ်းအမှတ်ဖြစ်ပြီး ဒုတိယအချက်မှာ သခင်ယေရှုက **သူ** သွန်သင်လိုသည်များကို တပည့်တော်များ မြင်ရန်၊ ကြားရန်နှင့် နားလည်ရန်ဖြစ်ပါသည် (၁ကော ၇း၅၊ ဖိ ၄း၅)။

## ညီတူညီမျှဖြစ်ရန် အချိန်

ကျွန်ုပ်တို့အားလုံးသည် သခင်၏ ရှေ့တော်တွင် ညီအစ်ကိုမောင်နှမများ ဖြစ်ကြပါသည်။ ပွဲတော်မင်္ဂလာက ကျွန်ုပ်တို့ အားလုံးသည် ဘုရားရှင်၏ မျက်မှောက် တော်၌ အတူတူပင်ဖြစ်ကြောင်း ဖော်ပြပါသည်။ ကျန်းမာသူနှင့် နာမကျန်းဖြစ်သူ၊ ဣသရေလလူနှင့် တပါးအမျိုးသား၊ ဆင်းရဲသားနှင့် ချမ်းသာသူ၊ ယောကျ်ားနှင့် မိန်းမအားလုံး အတူတူပင် ဖြစ်ပါသည်။ ခရစ်တော်၏ တပည့်များအနေဖြင့် ကျွန်ုပ်တို့တွင်ရှိသော အရာအားလုံးသည် တစ်ပုံစံတည်းဖြစ်ကြပါသည်။ ဥပမာ၊ ရှိသောသူများက မရှိသောသူများကို ပေးကမ်းရမည်သာဖြစ်ပါသည်။ အားနည်းသော သူများကို အားကြီးသောသူများက ကူညီရမည်သာဖြစ်ပါသည်။ ရှုန်းကန်နေရသူ သို့မဟုတ် နာမကျန်းဖြစ်နေသူများအတွက် အသင်းသားများက ဆုတောင်း ပေးနိုင်ပါ သည် (၂ကော ၈း၁၃-၁၅)။

## သတိပေးခံရမည့် အချိန်

ရှင်ပေါလုက အသင်းတော်ကို ပွဲတော်မင်္ဂလာ ဝတ်ပြုစည်းဝေးအတွင်း မည်သို့လုပ်ဆောင်ပြုမူရမည်ကို ကောရိန္သုဩဝါဒစာ ပထမစောင်တွင် သတိပေးထား ပါသည်။ ယင်းသည် ==ချစ်ခြင်းမေတ္တာစားပွဲ++ ဖြစ်ရပါမည်။ ခရစ်တော်ယေရှုသည် မည်သူ၊ မည်ဝါဖြစ်ခဲ့ပြီး ကျွန်ုပ်တို့အတွက် မည်သို့သောအရာများ လုပ်ဆောင်ပေး ခဲ့သည် ဆိုခြင်းအတွက် ပွဲခံရမည့်အချိန်ဖြစ်ပါသည်။ အကယ်၍ ပွဲတော်မင်္ဂလာကို မှန်ကန်သောချည်းကပ်မှုဖြင့် လုပ်ဆောင်ခြင်း မပြုခဲ့လျှင် အကျိုးဆက်အားဖြင့် ကျွန်ုပ်တို့၏ ကျန်းမာရေးနှင့် အသက်တာကို ထိခိုက်စေနိုင်ပါသည်။ လူတို့သည် ပွဲတော်မင်္ဂလာကို ဝင်ခြင်း မပြုမီ သူတို့၏ အသက်တာတွင် ဖြောင့်မတ်မှုရှိဖို့ တည့်မတ်ပေးရန် လိုအပ်ပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့ ပွဲတော်မင်္ဂလာကို ဘယ်ပုံဘယ်နည်း ဝင်သည်ဆိုခြင်းအပေါ်မူတည်၍ စီရင်ခြင်းကို ခံရမည်ဖြစ် သောကြောင့် ဖြစ်ပါသည်။ ပွဲတော်မင်္ဂလာသည် အလှူပေးခြင်းနှင့် တူပါသည်။

ကျွန်ုပ်တို့သည် မှန်ကန်သော စိတ်နေစိတ်ထားဖြင့် ပေးလှူခြင်း မပြုပါက ဘုရားသခင်ထံမှ ကောင်းကြီးမင်္ဂလာကို ခံစားရလိမ့်မည် မဟုတ်ပါ။

သင်၏ နှလုံးသားသည် မည်ကဲ့သို့ဖြစ်နေပါသနည်း။ အကယ်၍ သင်၏ နှလုံးသားကို သေချာစွာစစ်ကြောခြင်း မပြုပါက သင့်ကို သင်စီရင်ခြင်း ခံရနိုင်ပါသည်။ ကျွန်ုပ်တို့သည် ပွဲတော်မင်္ဂလာစားပွဲသို့လာရောက်ခြင်း မပြုမီ လေးစားမှုနှင့် တစ်ယောက်အပေါ် တစ်ယောက် ထားရှိအပ်သည့် မှန်ကန်သော သဘောထားများကို လေ့လာသင်ကြားရန်လိုအပ်ပြီး တစ်ယောက်ကို တစ်ယောက် အစေခံရန် လိုအပ်ပါ သည်။ ကျွန်ုပ်တို့ ဤအရာများကို လုပ်ဆောင်နေစဉ် လုပ်ဆောင်မှုများသည် ကိုယ်တော့်အဖို့ဖြစ်ကြောင်း ကျွန်ုပ်တို့ကိုအမှတ်ရစေပါသည် (တမန် ၂၀း၂၈-၃၂)။

ဤအချက်အလက်များအားလုံးက ခရစ်တော်သည် သူ၏ ခန္ဓာကိုယ်ဖြစ်သော အသင်းတော်၏ ဦးခေါင်းဖြစ်ကြောင်း မြင်တွေ့ရန် (ကော ၁း၁၈) နှင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏အလိုတော်ကို ဆောင်ရန်အသင့်ရှိနေကြသည့် **သူ**၏ မိတ်ဆွေနှင့် အစေခံကျွန်များဖြစ်ရန် ကျွန်ုပ်တို့အတွက် အထောက်အမ ဖြစ်သင့်ပါသည်။။ ကျွန်ုပ်တို့သည် ခရစ်တော်၏ အတွင်းနှင့် အနီးအပါး၌သာ မိတ်သဟာရဖွဲ့၍ မိမိတို့၏အသက်တာကို ရှင်သန်ကြပါသည်။ ကိုယ်တော်၏ ထမြောက်တော်မူခြင်း တန်ခိုးသည် ကျွန်ုပ်တို့၏ နှလုံးသားထဲသို့ ဖြတ်သန်းစီးဆင်းသွားခြင်းကြောင့်သာ ကျွန်ုပ်တို့ အသက်ရှင်နေကြခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် အောက်မေ့ဘွယ်ရာနှင့် ပြန်လည်စဉ်းစားချင့်ချိန်ရာ နေရာအရပ်တစ်ခုဆီသို့ လာရောက်ရန် ရွေးကောက်ခြင်းခံရပါသည်။ ခရစ်တော်သည် ထူးခြားပြောင်မြောက်ပြီး လွတ်မြောက်စေသောအရာ တစ်စုံတစ်ခုကို ပြုလုပ်ခဲ့ပါသည်။ သူ၏ ခန္ဓာကိုယ်ကို ချိုးဖဲ့ခဲ့ပြီး သွေးကိုသွန်းလောင်းခဲ့ပါသည်။ သို့တိုင်အောင် သေခြင်းတရားသည် အောင်နိုင်ခဲ့ခြင်း မရှိပါ။ ခရစ်တော်သည်

သေခြင်းမှ ထမြောက်၍ ယခု ခမည်းတော်၏ လက်ယာဘက်တွင် နေရာယူလျက်ရှိနေပြီး ကျွန်ုပ်တို့အတွက် အသနားခံလျက်ရှိနေပါသည်။

နှလုံးသား၏လိုအပ်ချက်များစွာကို ပွဲတော်မင်္ဂလာက ဖြည့်ဆည်းပေးနိုင်ပါသည်။ ပွဲတော်မင်္ဂလာသည် ==ဧမာနွေလ++ (ကျွန်ုပ်တို့နှင့်အတူ ရှိတော်မူသော ဘုရား သခင်) သည် ကျွန်ုပ်တို့နှင့်အတူ နေထိုင်လျက်ရှိသည်ဆိုခြင်းကို သတိရစေပါသည်။ (မဿဲ ၁း၂၃) ကိုယ်တော်သည် ကျွန်ုပ်တို့ မည်ကဲ့သို့ ခရစ်တော်နှင့်အတူ လျှောက် လှမ်း၍ ရပ်တည်ရမည်ကို သွန်သင်ရန်၊ ထို့နည်းတူ လောကီအရာများကို ကျော်လွှား နိုင်ရေးအတွက် တန်ခိုးတော်အရှိန် ရရှိရန် သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ် ခဲ့ပါသည်။ စာတန်သည် ရှုံးနိမ့်သွားသောရန်သူဖြစ်ပြီး မိမိတို့၏ အသက်တာတွင် သခင်ခရစ်တော်ကို အရှင်သခင်၊ ကယ်တင်ရှင်အဖြစ် ရရှိပြီးသောသူများ၏ အပေါ်၌ မည်သည့်အရှိန်တန်ခိုးမျှ မရှိကြောင်း ပွဲတော်မင်္ဂလာက ထုတ်ဖော်ပြသပါသည်။

## နိဂုံး

ပွဲတော်မင်္ဂလာသည် တပည့်တော်တိုင်း၏ အသက်တာ အစိတ်အပိုင်း တစ် ရပ်ဖြစ်ရပါမည်။ ကျွန်ုပ်တို့သည် ဤစွန့်လွှတ် အနစ်နာခံမှုကို သတိရကြရန် ဖြစ်ပြီး ယေရှုခရစ်တော်ဘက်တွင် ရပ်တည်ကြရမည် ဖြစ်ပါသည်။ အခြားသူများ မြင်ရန် ***အသီး*** ဖြစ်ပါသည်။ ခရစ်တော်သည် သေခြင်းမှ ထမြောက်၍ ကိုယ်တော်သည် အမှန်တကယ်ကြီးမြတ်သော ဘုရားဖြစ်ပြီးလျှင် မိုးကောင်းကင်နှင့် မြေကြီးပေါ်တွင် ရှိသမျှအရာအားလုံးကို ဖန်ဆင်းတော်မူခဲ့သည်ဆိုသည့် ဝမ်းမြောက်ဘွယ် သတင်း စကားကို ကျွန်ုပ်တို့ ယုံကြည်ကြောင်း ပွဲတော်မင်္ဂလာက အခြားသူများအား ဖော်ပြပါ သည်။ ကျွန်ုပ်တို့သည် ယခုအခါ တစ်ယောက်အပေါ်တစ်ယောက် ချစ်သော ချစ်ခြင်း မေတ္တာနှင့် ဘုရားအပေါ်ချစ်သော ချစ်ခြင်းမေတ္တာကို ဆင်နွှဲနိုင်ကြပါပြီ။ ကျွန်ုပ်တို့ သည် ဘုရား၏ သားတော်များဖြစ်ကြပြီး သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန်ဖြစ် ကြောင်း သတိရကြပါစို့။ အပြင်သို့ထွက်၍ ကြားနိုင်သမျှသော လူများအား သတင်း

ကောင်းကို ဖြန့်ဝေပေးရန်ဟူသော မဟာစေစားခြင်းကို ဖြည့်ဆည်းပါမည်ဟု ခရစ်တော်နှင့် ဝန်ခံကတိပြုခဲ့ပြီးဖြစ်ကြောင်း ကျွန်ုပ်တို့ သတိရကြ ရပါမည်။ ပွဲတော် မင်္ဂလာသည် ကျွန်ုပ်တို့ ပြောဆိုသမျှနှင့် လုပ်ကိုင်သမျှတို့တွင် ဉာဏ်ပညာ အမျှော် အမြင်ရှိရန်၊ တာဝန်သိ၊ သစ္စာရှိရမည့် အချိန်ဖြစ်ပါသည်။ ဘုရားသခင် ပေးသနား တော်မူသော ထူးခြား သည့်စွမ်းရည်များကို ကိုယ်တော်၏ လူများအတွက် ဘုန်း ထင်ရှားစေရန် အသုံးပြုပါက အသင်းဝင်များ သာသနာပြုခြင်းသည် ရလဒ်တစ်ခု အဖြစ် ပြောင်းလဲသွားပါမည်။ အသင်းတော်များသည် ထ၍ ယေရှုခရစ်တော်အား ဖြင့် အလင်းကိုလင်းပြစေရန် ပြုလုပ်ရမည့်အချိန် ကျရောက်ပြီဖြစ်ပါသည်။

**က။ အသုံးချရန်**

ပွဲတော်မင်္ဂလာဝင်နေစဉ် ကျွန်ုပ်၏ နှလုံးသားသည် မည်ကဲ့သို့ရှိရမည်နည်း။ လူများအတူတကွ စုဝေးကြစဉ် ကျွန်ုပ်ဘာများ တွေးနေပါသနည်း။ အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်အထံတော်မှ ကောင်းကြီးမင်္ဂလာနှင့် အခြားအရာများ လက်ခံရရှိရန် မျှော်လင့်သည်ဆိုပါက မှန်ကန်သော သဘောထားရှိသည့် စိတ်နှလုံး ဖြင့် လာကြရန် အရေးကြီးပါသည်။ ကျွန်ုပ်တို့၏ အပြစ်များနှင့် အခြားသူများအပေါ် ထားရှိသောအပြစ်များကို ဖြေရှင်းပြီးဖြစ်ကြောင်း သေချာစေရန် ကျွန်ုပ်တို့သည် ပွဲတော် မဝင်မီ မိမိကိုယ်မိမိ ဆုတောင်းခြင်းဖြင့် ကြိုတင်ပြင်ဆင်သင့်ပါသည်။

သင်ဘယ်နေရာတွင် ပြုပြင်ရန်လိုကြောင်းနှင့် အသက်တာတွင် ကြီးထွား လာရန် ဘုရားရှင်ထံ တောင်းလျှောက်ပါ။ ကိုယ်တော်ပြောသမျှကို ဝန်ခံ၍ ဖြေရှင်း ပါ။ ကိုယ်တော်သည် ဤအရာများ ပြီးမြောက်ရန် သန့်ရှင်းသောဝိညာဉ်၏ တန်ခိုးကို ပေးပါလိမ့်မည်။ ဘုရင့်၏ သားတော်တစ်ပါးကဲ့သို့ စတင် သွားလာနေထိုင်ရန် ကျွန်ုပ်တို့ လိုအပ်နေပါပြီ။ သင့်အား အသစ်သော အသက်တာကို ပေးခဲ့ပြီး ဖြစ်ကြောင်း သတိရပါ။ ယင်းအသက်တာကို သင်၏

အရှင်သခင်နှင့် ကယ်တင်ရှင် ယေရှုခရစ်တော်အတွက် အပြည့်အဝ အသက်ရှင်ရန်လိုအပ်ပါသည်။

### ခ။ စဉ်းစားဆင်ခြင်ရန်

- ပွဲတော်မင်္ဂလာတွင် ပါဝင်နေစဉ် အချိန်အတွင်း ကျွန်ုပ်၏ နှလုံးသားသည် ဘာကို အာရုံစူးစိုက်နေပါသနည်း။
- ဤအရာသည် ဘုရားသခင်၏ နောက်ဆုံးသောညစာ အမှန်တကယ် ဟုတ်ပါရဲ့လား။
- ချိုးဖဲ့သော မုန့်နှင့်ခွက်သည် တပည့်တော်တစ်ယောက်အနေဖြင့် ကျွန်ုပ် အတွက် မည်သည့် နိမိတ်ပုံဆောင်ပါသနည်း။
- ခွင့်လွှတ်ရန်လိုသောဝန်ချခြင်း မပြုရသေးသည့်အပြစ် တစ်စုံတစ်ရာ ကျွန်ုပ်တွင် ရှိနေပါသေးသလား။

### ဂ။ ဤသင်ခန်းစာနှင့် ဆက်နွယ်သော အခြားကျမ်းပိုဒ်များ

### တ ၂း၄၆-၄၇

ထိုသူတို့သည်လည်း ဗိမာန်တော်၌ နေ့တိုင်း အစဉ်တညီတညွတ်တည်းနေ၍ ကိုယ်အိမ်၌ မုန့်ကို ဖဲ့လျက် ကြည်ဖြူရွှင်လန်း ဝမ်းမြောက်သောစိတ်နှင့် အစာ အာဟာရကို သုံးဆောင်ကြ၏။ ဘုရားသခင်ကိုလည်း ချီးမွမ်း၍ လူအပေါင်းတို့ ရှေ့မှာ မျက်နှာပွင့်လန်းခြင်းအခွင့်ကို ရကြ၏။ ကယ်တင်ခြင်းသို့ ရောက်သောသူတို့ ကိုလည်း နေ့စဉ်မပြတ် သခင်ဘုရားသည် သင်းဝင်စေတော်မူ၏။

# ပွဲတော်မင်္ဂလာ

## ၂ကော ၁၃း၁၃-၁၄

သန့်ရှင်းသူအပေါင်းတို့သည် သင်တို့ကို နှုတ်ဆက်ကြ၏၊ သခင်ယေရှု ခရစ်၏ ကျေးဇူးတော်၄င်း၊ ဘုရားသခင်၏ မေတ္တာတော်၄င်း၊ သန့်ရှင်းသော ဝိညာဉ် တော်၏ မိဿဟာယတော်၄င်း၊ သင်တို့အပေါင်း၌ ရှိစေသတည်း။

## မာ ၁၄း၂၂-၂၅

ထိုအခါ စားလျက်နေကြစဉ်တွင် ယေရှုသည် မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍၊ ဤမုန့်ကား ငါ၏ ကိုယ်ဖြစ်၏။ ယူ၍ စားကြလော့ဟု မိန့် တော်မူလျက် တပည့်တော်တို့အား ပေးတော်မူ၏။ ခွက်ကိုလည်း ယူ၍ ကျေးဇူး တော်ကို ချီးမွမ်းပြီးမှ သူတို့အားပေးတော်မူလျှင် ထိုသူရှိသမျှတို့သည် သောက်ကြ ၏။ ကိုယ်တော်ကလည်း ဤခွက်ကား ပဋိညာဉ်တရားသစ်နှင့် ဆိုင်၍ လူများအဘို့ အလို့ငှါ သွန်းသော ငါ၏ အသွေးဖြစ်၏။ ငါအမှန်ဆိုသည်ကား၊ ဤစပျစ်ရည်မျိုး အသစ်ကို ဘုရားသခင်၏ နိုင်ငံတော်၌ ငါ မသောက်မှီ နေ့တိုင်အောင် ယခုမှစ၍ တဖန် ငါ မသောက်ရဟု မိန့်တော်မူ၏။

## လုကာ ၂၂း၁၄-၂၀

အချိန်ရောက်မှ တမန်တော်တကျိပ် နှစ်ပါးတို့နှင့်အတူ စားပွဲ၌ လျောင်း တော်မူ၍ ငါသည် အသေမခံမှီ ဤပသခါပွဲကို သင်တို့နှင့်အတူ စားခြင်းငှါ အလွန် အလိုရှိလေပြီ။ ငါဆိုသည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်၌ ပသခါပွဲ မပြည့်စုံမှီ တိုင်အောင် ယခုမှစ၍ ဤပွဲကိုတဖန် ငါမစားရဟု မိန့်တော်မူလျက်၊ ခွက်ဖလားကို ယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ၊ ဤခွက်ကိုယူ၍ အချင်းချင်းဝေကြလော့။ ငါဆို သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော် မတည်မှီတိုင်အောင် ယခုမှစ၍ စပျစ်ရည်ကို တဖန် ငါမသောက်ရဟု မိန့်တော်မူ၏။ ထိုအခါ မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ ဤမုန့်ကား သင်တို့အဘို့အလို့ငှါ စွန့်သော ငါ၏ ကိုယ် ဖြစ်၏။ ငါ့ကိုအောက်မေ့ဘို့ရာ ဤသို့ပြုကြလော့ မိန့်တော်မူ၏။ ထိုနည်းတူညစာ စားပြီးမှ ခွက်ကိုလည်း ယူ၍၊ ဤခွက်ကား

သင်တို့အတို့အလိုငှါ သွန်းသော ငါ၏ အသွေး၌ တည်သော ပဋိညာဉ်တရားသစ်ဖြစ်၏။

**၁ကော ၁၁း၁၇-၃၄**

တဖန်တုံ၊ သင်တို့သည် အကျိုးကို ပြုစုခြင်းငှါ စည်းဝေးကြသည် မဟုတ်။ အကျိုးကိုနည်းစေခြင်းငှါ စည်းဝေးကြသည်ဖြစ်၍၊ ငါသည် ပညတ်ထားစဉ်တွင် သင်တို့ကို မချီးမွမ်းရ။ ပဌမအကြောင်းဟူမူကား၊ သင်တို့သည် အသင်းတော်၌ စည်းဝေးကြသောအခါ၊ အချင်းချင်းကွဲပြားခြင်းရှိသည်ကို ငါကြားရ၏။ ကြားရသည် အတိုင်း၊ မှန်ကောင်းမှန်လိမ့်မည်။ အကြောင်းမူကား၊ သင်တို့တွင် ကောင်းမွန်သော သူတို့ကို ထင်ရှားစိမ့်သောငှါ သင်းခွဲခြင်း ရှိရမည်။ သင်တို့သည် အတူစုဝေးကြ သောအခါ၊ သခင်ဘုရား၏ ပွဲတော်ကို စားအံ့သောငှါ စည်းဝေးကြသည် မဟုတ်။ အကြောင်းမူကား၊ သင်တို့သည် စားကြသည်တွင် ကိုယ်စီကိုယ်စီ မိမိအစာကို အရင် ယူ၍၊ တချို့ကား ဆာမွတ်လျက်၊ တချို့ကား စားသောက်ကြူးလျက်ရှိကြ၏။ သင်တို့ သည် စားသောက်ရာဘို့ ကိုယ်အိမ် မရှိသလော။ သို့မဟုတ်လျှင်၊ ဘုရားသခင်၏ အသင်းတော်ကို မထီမဲ့မြင်ပြု၍၊ ဆင်းရဲသောသူတို့ကို ရှက်ကြောက်စေသလော။ အဘယ်သို့ ငါဆိုရမည်နည်း။ ဤအမှုမှာ သင်တို့ကိုချီးမွမ်းရ မည်လော။ မချီးမွမ်းရ။

အကြောင်းမူကား၊ သင်တို့၌ ငါအပ်ပေးသောအရာကို သခင်ဘုရားထံ၌ ငါခံရပြီ။ ခံရသောအရာ ဟူမူကား၊ သခင်ယေရှုသည် ရန်သူလက်သို့ အပ်နှံခြင်းကို ခံသောနေ့ညမှာ မုန့်ကိုယူ၍၊ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကို ဖဲ့၍၊ ဤမုန့် ကား၊ သင်တို့အတို့အလိုငှါ ချိုးဖဲ့သော ငါ၏ ကိုယ်ဖြစ်၏။ ယူ၍ စားကြလော့။ ငါ့ကို အောက်မေ့ဘို့ရာ ဤသို့ပြုကြလော့ဟု မိန့်တော်မူ၏။ ထိုနည်းတူ၊ ညစာစားပြီးမှ ခွက်ကိုလည်းယူ၍၊ ဤခွက်ကား ငါ၏ အသွေး၌ တည်သော ပဋိညာဉ်တရားသစ် ဖြစ်၏။ ဤခွက်ကို သောက်သောအခါခါ၊ ငါ့ကိုအောက်မေ့ဘို့ရာ သောက်ကြလော့ ဟု မိန့်တော်မူ၏။ အကြောင်းမူကား၊ သင်တို့သည် ထိုမုန့်ကိုစား၍ ထိုခွက်ကို သောက်သောအခါခါ၊ သခင်ဘုရား

အသေခံတော်မူခြင်းကို ကြွလာတော် မမူမှီတိုင် အောင်ပြကြ၏။ ထိုကြောင့် သခင်ဘုရား၏ မုန့်နှင့်ခွက်ကို မထိုက် မတန်ဘဲ စား သောက်သောသူမည်သည်ကား၊ သခင်ဘုရာ၏ ကိုယ်တော်နှင့် အသွေးတော်ကို ပြစ်မှားရာရောက်၏။ သို့ဖြစ်၍၊ လူတိုင်း ကိုယ်ကိုကိုယ်စစ်ကြော ပြီးမှ မုန့်ကိုစား စေ။ ထိုနည်းတူ ခွက်ကိုလည်းသောက်စေ။ အကြောင်းမူကား၊ မထိုက်မတန်ဘဲ စားသောက်သောသူသည် သခင်ဘုရား၏ ကိုယ်တော်ကို ပိုင်းခြား၍ မသိသော ကြောင့်၊ မိမိအပေါ်သို့ အပြစ်ရောက်စေခြင်းငှါ စားသောက်သောသူဖြစ်၏။

ထိုအကြောင်းကြောင့်၊ သင်တို့တွင် အားနည်းသောသူ၊ မကျန်းမမာသော သူများရှိကြ၏။ သေသောသူ အများလည်းရှိကြ၏။ ငါတို့သည် ကိုယ်ကိုကိုယ် စစ်ကြောစီရင်လျှင်၊ စစ်ကြောစီရင်တော်မူခြင်းနှင့် ကင်းလွတ်ကြလိမ့်မည်။ စစ်ကြော စီရင်တော်မူခြင်းကို ခံရကြသောအခါ၊ လောကီသားတို့နှင့်အတူ အပြစ်စီရင်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း ဆုံးမတော်မူခြင်းကို ခံရကြ၏။ ထိုကြောင့် ငါ့ညီအစ်ကို တို့၊ သင်တို့သည် စားအံ့သောငှါ စည်းဝေးသောအခါ။ အချင်းချင်း တယောက်ကို တယောက် ငံ့လင့်ကြလော့။ တစုံတယောက်သော သူသည် ဆာမွတ်လျှင်၊ သင်တို့ သည် အပြစ်ခံလျက် မစည်းဝေးစေခြင်းငှါ ထိုသူသည်မိမိအိမ်၌ စားစေ။ ကြွင်းသော အမှုများကို ငါလာသောအခါ စီရင်မည်။

# ပွဲတော်မင်္ဂလာ

## ဃ။ ပွဲတော်မင်္ဂလာ၏ အခြေခံပုံစံ

| ပသခါပွဲ | တဲတော် | ငါဖြစ်၏ | ပွဲတော် | ထာဝရ |
|---|---|---|---|---|
| တဆေးမပါသော မုန့် → | တဲတော်အတွင်းရှိ ရှေ့တော်မုန့် → | ချိုးဖဲ့ကြေမွသွားသော အသက်မုန့် → | မုန့်၌ အသက်တာ အသစ်အတွက် ပေးဆပ်သော ကိုယ်တော်၏ ကိုယ်ခန္ဓာ → | အဟောင်း မှ အသစ်သို့ |
| အသွေးသွန်းခြင်း → | ဘုရားသခင်၏ အပြစ်လွှတ်ခြင်းကို ဖော်ပြသော ယဇ်ပလ္လင်ပေါ်မှ အသွေးတော် → | သိုးများအတွက် မိမိအသက်ကို ပေးဆပ်သော သိုးထိန်း → | စပျစ်ရည် ၌ ပဋိညာဉ်တရား အသစ်အတွက် သွန်းသော အသွေးတော် → | သေခြင်းမှ အသက်ရှင်ခြင်းသို့ |

**ကျမ်းချက်။**

| ထွက် | ထွက် | ယော | မာ | ရော |
|---|---|---|---|---|
| ၁၂း၁-၃၀ | ၂၆း၁-၃၀၊ ၃၈ | ၆း၄၈။၁၀း၁၄ | ၁၄း၂၂-၂၅ | ၆း၂၂-၂၃ |

## ပြန်လည်သုံးသပ် ရေးမှတ်ရန်

## ပြန်လည်သုံးသပ် ရေးမှတ်ရန်

## ပြန်လည်သုံးသပ် ရေးမှတ်ရန်